ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

သာပေါင်းမြို့နယ်

၂၀၁၇ ခုနှစ်




# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# *Village Development Plan (VDP)*


## သရက်ကုန်းကျေ းရွာအုပ်စု

သာပေါင်းမြို့နယ် ဘုရားကြီးကျေးရွာ

# သာပေါင်းမြို့နယ် ကျေးရွာအုပ်စုအခြေပြမြေပုံ



ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ သရက်ကုန်းအုပ်စုအခြေပြပုံ



**ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း**

(၁) သရက်ကုန်း

(၂) လေပွေကုန်း

(၃) ရွှေရင်မျှော်

(၄) ဘုရားကြီး

(၅) ပေါက်လွတ်

(၆) ဆိပ်ကြီး

(၇) ရေလဲကြီး

(၈) အလယ်စု

## ကျေးရွာအတွင်းရှိ အိမ်ထောင်စုနှင့်လူဦးရေ

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၁၃၁ | ၂၈၇ | ၂၈၈ | ၅၇၅ |

## လူနည်းစု၊ လူမျိုးစု၊ အိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၁၃၁ | ၂၈၇ | ၂၈၈ | ၅၇၅ |
| | | | | |
| | | | | |
| | | | | |

## လူနည်းစု၊ လူမျိုးစု၊ အိမ်ထောင်စု

| ထိခိုက်လွယ် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို | ၂၁ | ၁၂ | ၁၅ | ၂၇ |
| အမျိုးသမီးဦးဆောင် | ၁၇ | | | |
| မသန်စွမ်း | ၄ | ၃ | ၁ | ၈ |
| မြေယာမဲ့ | | | | |

## ကျေးရွာအတွင်းရှိ အခြေခံအဆောက်အအုံများ

| စဉ် | အဆောက်အဦး | မှတ်ချက် |
|---|---|---|
| 1 | မူလတန်းကျောင်း | |
| 2 | | |
| 3 | | |

## အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| လယ် | ကြက် | ဈေးရောင်း | |
| ကိုင်း | ဝက် | | |
| | ဘဲ | | |

## ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာ ပိုင်ဆိုင်မှုများ | စိုက်ပျိုးရေး | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက် ရရှိမှု | ရေတွင်း ရေကန် | စက်ရေကန် |
|---|---|---|---|---|---|---|
| အရေအတွက် | 20 | မရှိ | မရှိ | မရှိ | 7 | မရှိ |
| ကျေးရွာ ပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ချေါလှေ့စက် | ပဲခွဲစက် | ဈေးဆိုင် |
| အရေအတွက် | မရှိ | မရှိ | မရှိ | မရှိမရှိ | မရှိ | 7 |

## ကျေးရွာအတွင်း အဓိကပိုင်ဆိုင်မှုများ

| ကျေးရွာ ပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | 10 | 5 | 15 | မရှိ | 15 |
| ကျေးရွာ ပိုင်ဆိုင်မှုများ | ဂက် | ဆိုင်ကယ် | ကျွမ်းကျင် လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | 30 | 15 | 4 | 350 | မရှိ |

## အခြားကျေးရွာရှိ အသုံးပြုနိုင်သော အရင်းအမြစ်နှင့် အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အလက/ အထက | ဈေး | ကျွမ်းကျင် လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| ရှိ | မရှိ | မရှိ | မရှိ | 4 | 350 | မရှိ | မရှိ |

## သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ဘုရားကြီးကျေးရွာ

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်း | | ၃ | ၃ | ၆ | ကျေးရွာတွင်ဖြစ်ပျက်ခဲ့သော ထူးခြားဖြစ်စဉ်များနှင့် ဖြတ်သန်းလာခဲ့ပုံများ။ |
| ၂ | ကျေးရွာလူမှုရေးပြမြေပုံ | | ၅ | ၄ | ၉ | ကျေးရွာရှိ အိမ်အမျိုးအစားများလမ်းများ၊ ပညာရေး၊ ကျန်မားရေး လက်လှမ်းမီမှု၊ မုဆိုးမများ၊ဒုက္ခိတများ။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် | | ၉ | ၈ | ၁၇ | စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရာတွင် ကျေးရွာလူထုပူပေါင်းပါဝင်နိုင်ရေး အချိန်ပေးနိုင်သော ကာလအား ဖော်ထုတ်ခြင်းနှင့် ကျေးရွာလူထု ဝမ်းစာဖူလုံမှု ဝင်ငွေရရှိမှုများ။ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ | | ၉ | ၆ | ၁၅ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့် ပြင်ပရှိ အဖွဲ့အစည်းများ မည်သို့ချိတ်ဆက်ပုံကို ဖော်ထုတ် ခြင်း။ |
| ၅ | ပင့်ကူအိမ်ပြမြေပုံ | | ၉ | ၁၀ | ၁၉ | အမျိုးသမီးများနှင့် အမျိုးသားများ၏ လက်ရှိရနေသော အခွင့်အလမ်းများ နှိုင်းယှဉ်ဖော်ထုတ်ခြင်း |
| ၆ | ဥစ္စာဓနပြမြေပုံ | | ၈ | ၉ | ၁၇ | လူမှုစီးပွားအပေါ် အဆင့်သတ်မှတ်ရန်မိမိ ကျေးရွာအလိုက် ပိုင်ဆိုင်မှုများခွဲခြမ်းစိတ်ဖြာခြင်း။ |
| ၇ | အရင်းအမြစ်ပြမြေပုံ | | ၄ | ၁၂ | ၁၆ | ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်း၊ မြေယာပိုင်ဆိုင်မှု၊သဘာဝ ယံဇာတလက်လှမ်းမီမှုများ |

**ရောဂတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ဘုရားကြီးကျေးရွာ**

# သမိုင်းအကျဉ်း

| ခုနှစ် | အဖြစ်အပျက် | ထိရောက်မှု၊ သက်ရောက်မှုနှင့် ဆောင်ရွက်ခဲ့မှုများ |
|---|---|---|
| 1975 | မုန်တိုင်းတိုက်ခိုက် | အိမ်များအားလုံးပိတ်စီးခဲ့ပါသည်။<br>ကိုယ်ထူကိုယ်ထဖြင့်ပြန်လည်ထူထောက်ခဲ့ပါသည်။ |
| 2003 | ထိန်ငူတာကြိုး | |
| 2004 | ရေကြီးနစ်မြုပ်ခဲ့သည်။ | အိမ်ခြေတချို့ရေကြီးနစ်မြုပ်ခဲ့ပါသည်။ |
| 2015 | ရေကြီးနစ်မြုပ် | အိမ်ခြေ၄လုံးမှာလှိုင်းရိုက်၍ပြိုကျပျက်စီးခဲ့ပါသည်။ |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

## ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ဘုရားကြီးကျေးရွာ

## သမိုင်းကြောင်း

ဘုရားကြီးကျေးရွာသည် သရက်ကုန်းအုပ်စုတွင်ပါဝင်ပြီး အိမ်ခြေ၁၃၀ခန့် ရှိပါသည်။ ဘုရားကြီးကျေးရွာသည် ရှေးယခင်က ပုသိမ်၃၂မြို့တွင် ပါဝင်သော ကျိုက်အဝှမ်းမြို့ဖြစ်ခဲ့ပါသည်။ ငဝန်မြစ်ကမ်းနဘေးတွင်ရှိပြီး ရှေးအခါက ဘိုးနီမြစ်ဟုခေါ်ပါသည်။ ငါးဝင်းသောမြစ် ငါးဝင်းမြစ်မှ ငဝန်မြစ်ဟုခေါ်တွင်ခဲ့ပါသည်။

ဘုရားကြီးရွာရှိ အကျော်ဇေယျ ပသထစေတီတော်မြတ်ကြီးကို ဥမ္မဒန္တီ မင်းသမီးမှတည်ထား ကိုးကွယ်ခဲ့ပါသည်။ ဒုတိယမြောက်ပြုပြင်ခဲ့သောသူမှာ အလောင်းစည်သူမင်းဖြစ်ပါသည်။ တတိယမြောက်ဒါယိကာ ဦးသာဖဲမှ ဆက်လက်၍တည်ထားကိုးကွယ်ခဲ့ပြီးနောက် ရွှေရင်မျှော်ဆရာတော်မှ ဆက်လက်တည်ခဲ့ရာ ဆရာတော်ဦးဇာဂရ သည် ဘုရားကြီးအား ထီးတော်တင်ဌာနီးမှပြိုကျခဲ့ပါသည်။

2005ခုနှစ် ဒီဇင်ဘာ၂၆တွင် လယ်/ဆည်ဝန်ကြီး ဦးဌေးဦးမှ ပြန်လည်တည်ထားခဲ့ရာ ဒုတိယပစ္စယံရောက်ချိန်တွင် ဘုရားကြီး၏အရှေ့မြောက်ထောင့်ခြမ်းသည် ၂၀၀၇ခုနှစ်တွင် ကမ်းပြိုကျရာတွင် ပါသွားခဲ့ပါသည်။ ၂၀၀၈ခုနှစ်တွင် ပြန်၍တည်ခဲ့ရာ ယနေ့အထိ ဆက်လက်၍လုပ်ကိုင်နေပါသည်။

ထိုဘုရားကြီးကို အစွဲပြု၍ ဘုရားကြီးရွာဟုခေါ်တွင်ခဲ့ပါသည်။ ဘုရားကြီးရွာတွင်လူမျိုးရေး ပဋိပက္ခဖြစ်ပွားချိန်တွင် အနောက်ဘက်တွင်ရှိသော ဘိုးတော်၊ မရမ်းချို၊ ဝါးနောကွင်း၊ စိမ့်ကွင်း၊ လေပွေကုန်းရွာများမှ လာရောက်ခိုလှုံနေထိုင်ခဲ့ကြပါသည်။

၁၉၇၅ခုနှစ်တွင် မုန်တိုင်းတိုက်ခိုက်ချိန်တွင် အိမ်များအားလုံးပြိုပျက်ခဲ့ပါသည်။ ၂၀၀၃ခုနှစ်တွင် ထိန်ငူတာကြိုး၍ ရေကြီးနစ်မြုပ်ခဲ့ပါသည်။ ၂၀၀၄ခုနှစ်တွင်လည်း ရေကြီးနစ်မြုပ်ခဲ့ပါသည်။ အိမ်ခြေတချို့နစ်မြုပ်ခဲ့သည်။ ၂၀၀၄ခုနှစ်တွင် ရေကြီးနစ်မြုပ်ကာ အိမ်၄လုံးမှာ လှိုင်းရိုက်၍ပြိုကျပျက်စီးခဲ့ပါသည်။

## သာပေါင်းမြို့နယ် ၊ သရက်ကုန်းကျေးရွာအုပ်စု ၊ ဘုရားကြီးကျေးရွာ

## ကျေးရွာအခြေပြမြေပုံ



**သုံးသပ်ချက်**

၁။ **သောက်သုံးရေရရှိမှု**

သောက်သုံးရေရရှိမှုအနေဖြင့် ရေတွင်း (၇)တွင်း ရှိပါသည်။ ရေအရင်းအမြစ်ကောင်းပါသည်။

၂။ **လမ်းပန်းဆက်သွယ်မှု**

ရွာတွင်းလမ်သည် ကွန်ကရစ်လမ်းဖြစ်သောကြောင့်သွားလာရန်အဆင်ပြေပါသည်

၃။ **ပညာရေး**

ပညာရေးအနေဖြင့် ရွာမူလတန်းကျောင်းရှိပါသည်။ အလယ်တန်းနှင့်အထက်တန်းက ို သရက်ကုန်းကျေးရွာတွင်သွားတက်ရသည့်အတွက်သွားလာရန်ခက်ခဲသည်။

၄။ **ကျန်းမာရေး**

ရွာတွင် မရှိပါ။ နီးစပ်ရာရွာများသို့ သွားရောက်ဆောင်ရွက်ပါသည်။

၅။ **အထွေထွေသုံးသပ်ချက်**

လယ်ယာလုပ်ငန်းကြောင့် နွမ်းပါးသူများလည်း အလုပ်ပေးနိုင်ပါသည်။ အရင်းအမြစ်များကို အားလုံး သုံးစွဲကြပါသည်။ ငွေကြေးပြည့်စုံသူများမှ အရင်းအမြစ်များကို ပြုပြင်ထိန်းသိမ်းခြင်းများ ရှိပါသည်

## သာပေါင်းမြို့နယ် ၊သရက်ကုန်းကျေးရွာအုပ်စု ၊ ဘုရားကြီးကျေးရွာ

## ရာသီခွင်ပြဇယား



## သုံးသပ်ချက်

ရွာသီခွင်ပြဇယားကို ဘုရားကြီးကျေးရွာ၊ ဓမ္မာရုံတွင် (၂၃.၂.၂၀၁၆)ရက်နေ့တွင် ရေးဆွဲဆွေးနွေးရာ တန်ခူး၊ တန်ဆောင်မုန်း၊ နတ်တော် ပြာသို၊ တပို့တွဲ၊ တပေါင်းလများ ခြောက်သွေ့ရာသီ ဖြစ်ပြီး၊ကဆုန်၊နယုန် ၊ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများသည် မိုးရွာသွန်းသောလများ ဖြစ်ပါသည်။

အလုပ်အကိုင်အနေဖြင့် တန်ခူးလတွင် ဈေးရေယင်းခြင်း၊ ကူလီထမ်းခြင်းတို့လုပ်ကိုင်ပါသည်။ ကဆုန်နှင့်နယုန်လတို့တွင် အလုပ်မရှိပဲ ဝါဆို၊ ဝါခေါင်နှင့် တော်သလင်းတို့တွင် ငါးဖမ်းခြင်းနှင့် ဈေးရောင်းခြင်းတို့ လုပ်ကိုင်ကြပါသည်။ သီတင်းကျွတ်လတို့တွင် လယ်လုပ်ငန်း၊ ငါးဖမ်းခြင်းနှင့် ဈေးရောင်းခြင်းလုပ်ငန်းတို့လုပ်ကိုင်ကြပါသည်။ နတ်တော်၊ ပြာသို၊ တပို့တွဲနှင့် တပေါင်းလတို့တွင် လယ်၊ကိုင်း၊ ဈေးရောင်းခြင်းနှင့်ကူလီထမ်းခြင်းတို့ လုပ်ကိုင်ကြပါသည်။

ဂင်ငွေအနေဖြင့် တန်ခူး၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲနှင့်တပေါင်းလတို့တွင် ဝင်ငွေအသင့်အတင့်ရှိပြီး ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းနှင့်သီတင်းကျွတ်လတို့တွင် ဝင်ငွေနည်းပါးပါသည်။


ပွဲတော်အနေဖြင့် တန်ခူးလတွင်သင်္ကြန်ပွဲတော် ကဆုန်လတွင်ညောင်ရေသွန်းပွဲတော်၊ ဝါဆိုလတွင်သင်္ကန်းကပ်ပွဲတော်၊ သီတင်းကျွတ်လတွင်မီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင်နိဗ္ဗာန်ဈေးပွဲတော်တို့ရှိပြီး ကျန်လများတွင် ပွဲတော်များမရှိပါ။

အားလပ်ရက်အဖြစ် တန်ခူး၊ ကဆုန်၊နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းနှင့်သီတင်းကျွတ်လတို့တွင် အားလပ်ရက်များပြီး တန်ဆောင်းမုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲနှင့်တပေါင်းလတို့တွင် အားလပ်ရက်နည်းပါသည်။

ရောဂါဖြစ်ပွားမှုအနေဖြင့် တန်ခူးလတွင် နားစေး၊ချောင်းဆိုးခြင်း၊ ကဆုန်၊ နယန်၊ ဝါဆိုလများတွင် ဖျားနာခြင်း၊ ဝါခေါင်နှင့် တော်သလင်းလတို့တွင် သွေးလွန်တုပ်ကွေးရောဂါနှင့်ငှက်ဖျားရောဂါ၊ နတ်တော်နှင့်ပြာသိုလတို့တွင် တုတ်ကွေးရောဂါ၊ တပေါင်းလတွင် အဖျားအနာတို့ဖြစ်ပွားပြီး ကျန်လများတွင် ရောဂါဖြစ်ပွားမှု့မရှိပါ။

## သာပေါင်းမြို့နယ် ၊သရက်ကုန်းကျေးရွာအုပ်စု၊ ဘုရားကြီးကျေးရွာ

## အဖွဲ့အစည်းချိတ်ဆက်ပြဇယား



သုံးသပ်ချက်

အဖွဲ့အစည်းချိတ်ဆက်ပြဇယားကို ဘုရားကြီးကျေးရွာ ဓမ္မာရုံတွင် ရေးဆွဲကြပါသည်။ အဖွဲ့အစည်းချိတ်ဆက်ပြဇယားကို ကျေးရွာပြည်သူလူထုနှင့် ဆွေးနွေးရာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ရပ်ရွာတွင် လွှမ်းမိုးမှုအရှိဆုံးဖြစ်ပြီး အုပ်စုအုပ်ချုပ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်ပါသည်။ ပရဟိတအဖွဲ့သည် ရပ်ရွာတွင် လွှမ်းမိုးမှုအသင့်အတင့်ရှိပြီး မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ၊ ပြည်သူ့စစ်၊ အရံမီးသတ်တို့သည် ကျေးရွာအုပ်စု အုပ်ချုပ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်ပါသည်။ ကျောင်းကော်မတီသည် မြို့နယ်ပညာရေးနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ဂေါပကအဖွဲ့သည် ဘာသာရေးကိစ္စများကို သီးခြားဆောင်ရွက်ပါသည်။

ကျန်းမာရေးအတွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာနှင့် အခြားရွာရှိ ဆေးပေးခန်း တို့နှင့် ချိတ်ဆက်ဆောင်ရွက်ပါသည်။


မီးဘေးလုံခြုံရေးအတွက် ကျေးရွာအရံမီးသတ်နှင့် မြို့နယ်မီးသတ်တို့ ချိတ်ဆက် ဆောင်ရွက်ပါသည်။

ပညာရေးအတွက ်ကျောင်းအကျိုးဆောင်နှင့် ဆရာ/မများနှင့် မြို့နယ်ပညာရေးမှူးရုံးတို့နှင့် ချိတ်ဆက် ဆောင်ရွက်ပါသည်။

ကျေးရွာဖွံ့ဖြိုးရန် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အရံမီးသတ်၊ ပြည်သူ့စစ်၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ တို့ ချိတ်ဆက်ဆောင်ရွက်ပါသည်။

## သာပေါင်းမြို့နယ် ၊ သရက်ကုန်းကျေးရွာအုပ်စု ၊ ဘုရားကြီးကျေးရွာ

## ဓနအင်အားပြဇယား



## သုံးသပ်ချက်

ဓနအင်အားပြဇယားကို ဘုရားကြီးကျေးရွာ ဓမ္မာရုံတွင် ကျေးရွာလူထုနှင့်ရေးဆွဲရာတွင် နွမ်းပါးသောအုပ်စုသည် ဓနိမိုး ထရံကာ ကြမ်းခင်းတို့ဖြင့်နေထိုင်ကြပြီး ဝက်၊ ကြက်၊ ဘဲတို့ကိုပိုင်ဆိုင်ကြသည်။ တစ်နှစ်တာဝင်ငွေမှာ၁၂သိန်းရှိပြီး အိမ်ခြေ ၁ဂဂခန့်ရှိပါသည်။

နွမ်းပါးအုပ်စုသည် ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်းအိမ်များ ဖြစ်ပါသည်။ လယ်၊ နွား၊ ကြက်၊ ဂက် တို့ပိုင်ဆိုင် ပါသည်။ တနှစ်တာဂင်ငွေ (၁၅)သိန်းခန့်ရရှိပါသည်။ အိမ်ခြေ (၁၂)လုံး ရှိပါသည်။

အလယ်အလယ်အုပ်စုသည် သွပ် ပျဉ်ခင်း ထရံကာဖြင့်နေထိုင်ကြပြီး လယ် ၊စက်လှေ ၊ ဈေးဆိုင်တို့ပိုင်ဆိုင်ကြပြီး တစ်နှစ်တာဝင်ငွေမှာ၁၈သိန်းဖြစ်ပါသည်။

ချမ်းသာအုပ်စုမှာ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်းဖြင့်နေထိုင်ကြပြီး လယ်၊ကုန်အရောင်းအဝယ်၊ စက်လှေနှင့်ဈေးဆိုင်တို့ပိုင်ဆိုင်ပြီး တနှစ်တာဝင်ငွေမှာ သိန်း၅ဂရှိပြီး ၁ဂအိမ်ခန့်ရှိပါသည်။

အ

## သာပေါင်းမြို့နယ် ၊ သရက်ကုန်းကျေးရွာအုပ်စု ၊ ဘုရားကြီးကျေးရွာ

## အရင်းအမြစ်ပြဇယား



### သုံးသပ်ချက်

ဘုရားကြီးရွာတွင် သဘာဝအရင်းအမြစ်များ ဖြစ်ကြသော မြစ်၊ချောင်းတို့ကို သုံးစွဲကြသူများမှာ အမျိုးသား၊အမျိုးသမီးတို့ဖြစ်ကြပြီး ထိန်းချုပ်သူမှာ အမျိုးသားများဖြစ်ကြသည်။ လယ်၊ကိုင်းတို့ကိုသုံးစွဲကြသူများမှာ အမျိုးသား၊ အမျိုးသမီးတို့ဖြစ်ပြီး ထိန်းချုပ်သူမှာလည်း အမျိုးသားနှင့်အမျိုးသမီးတို့ပဲဖြစ်ပါသည်။ ရေတွင်းကိုသုံးစွဲသူမှာ အမျိုးသား၊ အမျိုးသမီးဖြစ်ပြီး ထိန်းချုပ်သူမှာ အမျိုးသားများဖြစ်သည်။ ကျောက်စရစ်၊ သဲတို့ကိုသုံးစွဲသူများမှာ အမျိုးသား၊ အမျိုးသမီးဖြစ်ပြီး ထိန်းချုပ်သူမှာ အမျိုးသားများဖြစ်ပါသည်။

## သာပေါင်းမြို့နယ် ၊ သရက်ကုန်းကျေးရွာအုပ်စု ၊ဘုရားကြီးကျေးရွာ

## ကျားမရေးရာကဏ္ဍကို ပင့်ကူအိမ်စနစ်ဖြင့် ပြသပုံ



### သုံးသပ်ချက်

ကျားမရေးရာကဏ္ဍကို ပင့်ကူအိမ်စနစ်ဖြင့် ပြသပုံကိုပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးရာတွင် ဝင်ငွေရှာနိုင်မှု၊ လူမှုရေးတွင်ပါဝင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ အိမ်မှုကိစ္စနိုင်နင်းမှု၊ ပညာရေးလက်လှမ်းမီမှု၊ ဦးဆောင်နိုင်မှု၊ စသည့်အချက်များကို အခြေခံ၍ အမျိုးသားအုပ်စုနှင့် အမျိုးသမီးအုပ်စုနှစ်မျိုးခွဲ၍ ပြုလုပ်ခဲ့ပါသည်။

- ဂင်ငွေရှာနိုင်မှုတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုရှာဖွေနိုင်ကြောင်း၊
- လူမှုရေးလုပ်ငန်းများတွင် ပါဂင်နိုင်မှုမှာ အမျိုးသမီးများမှ ပိုမိုပါဂင်နိုင်ကြောင်း၊
- ဆုံးဖြတ်ချက်ချနိုင်မှုတွင် အမျိုးသားနင်သာ့ အမျိုးသမီးတူညီသည်။
- အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုတွင်အမျိုးသမီး၊ အမျိုးသားတူညီပါသည်။
- လုံခြုံမှုတွင် အမျိုးသားမှ သာလွန်နေကြောင်း၊
- ဦးဆောင်နိုင်မှုတွင် အမျိုးသားမှ ပိုမိုနေကြောင်း၊
- ပညာရေးလက်လှမ်းမီမှုတွင် အမျိုးသမီးမျာမှ သာလွန်ကြောင်း၊
- အိမ်တွင်မှုတွင် အမျိုးသမီးများမှ ပိုမိုလုပ်ကိုင်နေရကြောင်း ကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးတို့ မှ သုံးသပ်နိုင်ခဲ့ပါသည်

## သာပေါင်းမြို့နယ် ၊ သရက်ကုန်းကျေးရွာအုပ်စု ၊ဘုရားကြီးကျေးရွာ

## အမျိုးသား၊ အမျိုးသမီးတို့၏ အခက်အခဲများ

| အမျိုးသား | | အမျိုးသမီး | |
|---|---|---|---|
| 1 | သောက်သုံးရေမလုံလောက်သည့်အခက်အခဲ | 1 | သောက်သုံးရေမလုံလောက်သည့်အခက်အခဲ |
| 2 | လမ်းမကောင်းသည့်အခက်အခဲ | 2 | လမ်းမကောင်းသဖြင့်သွားလာရန်ခက်ခဲ |
| 3 | မီးမရှိသည့်အခက်အခဲ | 3 | မီးမရှိသည့်အခက်အခဲ |
| 4 | စာကြည့်တိုက်မရှိသည့်အခက်အခဲ | 4 | ဆေးပေးခန်းမရှိသည့်အခက်အခဲ |
| 5 | ဆရာ/ဆရာမနားနေဆောင်မရှိသည့်အခက်အခဲ | 5 | ရင်းနှီးမြှုပ်နှံရန်ငွေကြေးအခက်အခဲ |
| | | | |

## အမျိုးသား၊ အမျိုးသမီးတို့၏ မျှော်မှန်းချက်များ

| အမျိုးသား | | အမျိုးသမီး | |
|---|---|---|---|
| 1 | လုံလောက်သောရေရရှိရန်မျှော်မှန်း | 1 | လုံလောက်သောရေရရှိရန်မျှော်မှန်း |
| 2 | လမ်းကောင်းလျှင်သွားလာရန်လွယ်ကူမည်။ | 2 | လမ်းကောင်းလျှင်သွားလာရန်အဆင်ပြေမည်။ |
| 3 | မီးရရှိရန်မျှော်မှန်းပါသည်။ | 3 | မီးရရှိရန်မျှော်မှန်းပါသည်။ |
| 4 | စာကြည့်တိုက်ရရှိရန်မျှော်မှန်းပါသည်။ | 4 | ရင်းနှီးမြှုပ်နှံရန်ငွေကြေးရရှိရန်မျှော်မှန်း |
| 5 | ဆရာ/ဆရာမနားနေဆောင်ရရှိရန်မျှော်မှန်းပါသည်။ | 5 | ဆေးပေးခန်းရရှိရန်မျှော်မှန်းပါသည်။ |
| | | | |

## အမျိုးသား၊ အမျိုးသမီးများ၏ သဘောတူ လုပ်ဆောင်မည့် လုပ်ငန်းခွဲများ

| | |
|---|---|
| 1 | သောက်ရေသန့် |
| 2 | ဆိုလာမီး |
| 3 | ကွန်ကရစ်လမ်း |
| 4 | စာကြည့်တိုက်တည်ဆောက်ခြင်း |
| 5 | ဆရာ/ဆရာမနားနေဆောင်တည်ဆောက်ခြင်း |
| | |

သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊လေပွေကုန်းကျေးရွာ

## ပထမအကြိမ်အစည်းအဝေး

ရက်စွဲ၊ ၂၁.၁.၂၀၁၇

(၂၁.၁.၂၀၁၇) ရက်နေ့ နေ့လည် (၁၂း၀၀) နာရီအချိန်တွင် သရက်ကုန်းအုပ်စု၊ဘုရားကြီးကျေးရွာ ဓမ္မာရုံတွင် စီမံကိန်းမိတ်ဆက်အစည်းအဝေးနှင့် ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း အစည်းအဝေးကို ပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာ အစည်းအဝေးအခမ်းအနားကို ဖွင့်လှစ်ပြီးကျေးရွာ လူထုကိုယ်စား ကျေးရွာ ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက်စီမံကိန်းဝန်ထမ်းများဖြစ်သော ဒေါ်စိမ်းလဲ့လဲ့စိုး(လူထုစည်းရုံးရေးမှူး)၊ ဦးမျိုးသန့်(လူထုစည်းရုံးရေးမှူး)၊ နှင့် ဦးကျော်သူဆန်း(လက်ထောက်နည်းပညာမှူး) တို့မှ ကျေးရွာ လူထုအား မိတ်ဆက်စကားများ ပြောကြားခဲ့ပါသည်။ စီမံကိန်းရည်ရွယ်ချက်၊ လုပ်ဆောင်မှု၊ ပူးပေါင်းပါဝင်မှု နှင့် စီမံကိန်းနှင့် ပတ်သက်သောအကြောင်းအရာများကို စီမံကိန်းဝန်ထမ်းများဖြစ်သောဦးမျိုးသန့်၊ဦးကျော်သူဆန်း၊ဒေါ်စိမ်းလဲ့လဲ့စိုးတို့မှရှင်းလင်းပြောကြား ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာလူထုကို ကော်မတီရွေးချယ်ပုံအဆင့်ဆင့်ကို လူထုစည်းရုံးရေးမှူး များက ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် စေတနာ့ဝန်ထမ်းရွေးချယ်ရန် ဝန်ထမ်းများ၏လုပ်ဆောင်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောပြ၍ စေတနာ့ဝန်ထမ်းကျား (၁)ဦး၊ မ (၁)ဦးကို ရွေးချယ်ခဲ့ပါသည်။

## သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ဘုရားကြီးကျေးရွာ

## ဒုတိယအကြိမ်အစည်းအဝေး

ရက်စွဲ၊ ၂၂.၁.၂၀၁၇

၂၂.၁.၂၀၁၇ ရက်နေ့ နေ့လည်(၁၂း၃၀)အချိန်တွင် သရက်ကုန်းကျေးရွာအုပ်စု၊ ဘုရားကြီးကျေးရွာ ဓမ္မာရုံတွင် ဒုတိယအကြိမ်အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူးများမှ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီများ၏ တာဝန်များကို ရှင်းပြပြီး ကော်မတီဝင်များကို ရွေးချယ်ခဲ့ပါသည်။ ထိုသို့ရွေးချယ်ရာတွင် စီ/ထောက်ဥက္ကဌ (၂)ဦး၊ ဂယ်ယူရေး(၃)ဦး လည်ပတ်ပြုပြင်(၃)ဦး၊ စောင့်ကြည့်ကြီးကြပ် (၃)ဦး၊ အကြံပြုတိုင်ကြားရေး (၃)ဦးနှင့် ကျေးရွာစာရင်းကိုင် (၁)ဦးကို ရွေးချယ်ပြီး အမျိုးသမီးများ အချိုးညီမျှစွာ ပါဝင်ခဲ့ကြပါသည်။

ထို့နောက် PRA Tools များကို ကျေးရွာလူထုနှင့်အတူရေးဆွဲကြပါသည်။ ရေးဆွဲထားသော PRA Tools များကို ဦးဆောင်ဆွေးနွေးထားသော ကျေးရွာလူထုထဲမှ တစ်ဦးစီမှ အစည်းအဝေး၌ ပြန်လည်ရှင်းပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကျေးရွာအချက်အလက်များမှ ရရှိလာသော စီမံကိန်းများကို ကျေးရွာလူထုအား ချပြ၍အဆိုပြုစနစ်ကို အသုံးပြုရွေးချယ်ခဲ့ရာ (၁) သောက်ရေသန့်၊ (၂) ဆိုလာလမ်းမီး၊ (၃) ကွန်ကရစ်လမ်း၊ (၄) စာကြည့်တိုက်နှင့်ဆရာ/ဆရာမနားနေဆောင်တို့သည်ဦးစားပေးအစီအစဉ်အလိုက်ရရှိလာပါသည် ။ ထို့နောက် အစည်းအဝေးကို ညနေ (၃း၃၀)နာရီအချိန်တွင် ပြီးစီးခဲ့ပါသည်။ ထိုအစည်းအဝေးကို ကျေးရွာလူထုမှ ကျား(၃၈)ဦး၊ မ (၄၈)ဦး စုစုပေါင်း (၈၅)ဦး တက်ရောက်ခဲ့ပါသည်။

## သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊လေပွေကုန်းကျေးရွာ

# ကော်မတီဝင်များစာရင်း

| စဉ် | ကော်မတီအမည် | အမည် | ပညာအရည်အချင်း | တာဝန် |
|---|---|---|---|---|
| ၁ | စီမံကိန်းအထောက်အကူပြုကော်မတီ | ဦးဝင်းမြင့် | အထက်တန်း | ဥက္ကဋ္ဌ |
| ၂ | စီမံကိန်းအထောက်အကူပြုကော်မတီ | ဒေါ်တူးတူးမာ | မူလတန်း | ဥက္ကဋ္ဌ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ဦးအောင်မြင့်ဦး | အထက်တန်း | ဥက္ကဋ္ဌ |
| ၄ | ဝယ်ယူရေးဆပ်ကော်မတီ | ဒေါ်စန်းစန်းနွဲ့ | မူလတန်း | မှတ်တမ်းထိန်း |
| ၅ | ဝယ်ယူရေးဆပ်ကော်မတီ | ဒေါ်တင်တင်သိန်း | မူလတန်း | အဖွဲ့ဝင် |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဦးအောင်မြင့်သိန်း | အလယ်တန်း | ဥက္ကဋ္ဌ |
| ၇ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဒေါ်စန်းစန်းမြိုင် | အထက်တန်း | အဖွဲ့ဝင် |
| ၈ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဦးလှမြင့် | မူလတန်း | အဖွဲ့ဝင် |
| ၉ | လည်ပတ်ပြုပြင်ရေးဆပ်ကော်မတီ | ဒေါ်တင်တင်ညွန့် | အလယ်တန်း | ဥက္ကဋ္ဌ |
| ၁၀ | လည်ပတ်ပြုပြင်ရေးဆပ်ကော်မတီ | ဦးအထွန်း | အလယ်တန်း | အဖွဲ့ဝင် |
| ၁၁ | လည်ပတ်ပြုပြင်ရေးဆပ်ကော်မတီ | ဒေါ်မေချိုလွင် | အထက်တန်း | အဖွဲ့ဝင် |
| ၁၂ | ဝေဖန်အကြံပြု | ဦးအောင်ထွန်း | မူလတန်း | တာဝန်ခံ |
| ၁၃ | ဝေဖန်အကြံပြု | ဒေါ်မြင့်မော် | မူလတန်း | တာဝန်ခံ |
| ၁၄ | စာရင်းကိုင် | ဒေါ်ဆွေမာမြင့် | ဘွဲ့ရ | စာရင်းကိုင် |
| ၁၅ | စေတနာ့ဝန်ထမ်း | ဦးမောင်စော | မူလတန်း | စေတနာ့ဝန် |
| ၁၆ | စေတနာ့ဝန်ထမ်း | ဒေါ်ထွန်းသန္တာ | အထက်တန်း | စေတနာ့ဝန်ထမ်း |

**သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ဘုရားကြီးကျေးရွာ**

# ကျေးရွာအစည်းအဝေးပွဲများ၏ မှတ်တမ်းဓါတ်ပုံများ



သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ဘုရားကြီးကျေးရွာတွင် PRA Tools များ ပြုလုပ်ပုံ



သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ဘုရားကြီးကျေးရွာတွင် အစည်းအဝေးပြုလုပ်ပုံ